
Translator - Sunlight Team
အခန်း(၂၉)

# တာအိုအရှင်သခင်စနစ်
# (စာစဉ်-၂၉)
# အခန်း ၂၈၁

*

အငယ်ဆုံးဖြစ်သော်လည်း ကောင်းကင်ဘုံ၏ ပြစ်ဒဏ်ကို သုံးကြိမ်တိုင်တိုင် ကြံ့ကြံ့ခံခဲ့ပြီး သူမ၏ ရွှေရောင်မျှော်စင်ကလေးမှာ ချန်းကျွင်း၏ နတ်ဘုရားသတ် သံချပ်ကာကို တိုက်ရိုက် အမှုန့်ပြုနိုင်စွမ်း ရှိခဲ့သည်။ ထို့ကြောင့် ကျားမလေးမှာ စူပါပါရမီရှင် အားလုံးအတွက် ကြောက်မက်ဖွယ်ကောင်းသော ပြိုင်ဘက်တစ်ဦး ဖြစ်လာခဲ့ရသည်။

အားလုံးက ကျားမလေးကို ဝိုင်းကြည့်လိုက်ကြ

သည်။

ထိုစဉ် နွေဦးဝိညာဉ်နို့များကို အဝအပြဲ သောက်ထားသော ကျားမလေးသည် နှုတ်ခမ်းတွင် နို့အစွန်းအထင်းလေးများဖြင့် အားမလိုအားမရဖြစ်နေသော နို့ပုလင်းခွံကြီးကို ကိုင်ထားဆဲပင်။ သူမက ကျေနပ်အားရစွာ နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း "နွေဦးဝိညာဉ်နို့ကတော့ တကယ်ကိုသောက်လို့ကောင်းတာပဲ" ဟု ပြောလိုက်သည်။

ရှီရန်မှာ မရယ်ဘဲ မနေနိုင်တော့ချေ။

ကျားမလေးက ရှီရန်ကို ကြည့်ကာ "အစ်ကိုရန်အကြောင်းကတော့ ပြောနေစရာတောင် မလိုပါဘူး။ သူက ကျင့်ကြံရေးစက်ရုပ်ကြီးလိုပဲ ဘယ်အစားအစာကိုမှ ထူးထူးခြားခြား ကြိုက်တာမျိုးမရှိဘူး..."

"မဟုတ်သေးဘူး... အစ်ကိုရန်က အရိုးတွေကိုအရမ်းကြိုက်တာ ထမင်းစားပြီးတိုင်း သူက

ဝိညာဉ်သလင်းသား သားရဲတွေရဲ့ အရိုးတွေကို တိတ်တဆိတ် စားလေ့ရှိတယ်"

ကျားမလေးက ရုတ်တရက် လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ချလိုက်သည်။

ရှီရန်: "..."

အားလုံး၏ မျက်လုံးများမှာ အံ့ဩလွန်းသဖြင့် ပြူးကျယ်သွားကြသည်။

ရှီရန်မှာ လက်နှစ်ဖက်ကို ဖြန့်ပြရင်း မတတ်သာသည့်အဆုံး ရှင်းပြလိုက်ရတော့သည်။

"အဲဒါက... အမှန်တော့... ကျင့်စဉ်တစ်မျိုးပါပဲ"

နင်ရွှေ၊ ထန်ချီချီနှင့် ကွမ်းရှင်းတို့က သိလိုစိတ်ပြင်းပြစွာဖြင့် "တကယ်ပဲ အဲဒီလို ကျင့်စဉ်မျိုး ရှိတာလား" ဟု မေးမြန်းကြသည်။

ရှီရန်က အားလုံးကို တစ်ချက်ကြည့်လိုက်ပြီး "ငါ့အတွက်တော့ ရှိပါတယ်။ အတိုချုပ်ပြောရရင် အဲဒါက အလွန်အမင်း နာကျင်ရတဲ့ နည်းလမ်း

ဖြစ်လို့ ငါတစ်ယောက်တည်းပဲ သုံးလို့ရတာပါ" ဟု ပြောလိုက်သည်။

အားလုံးက သူ့ကို အထင်ကြီးလေးစားစွာဖြင့် ကြည့်ရင်း "ဒါကြောင့်လည်း သူက အနှိုင်းမဲ့ သန်မာနေတာကိုး။ တကယ်ကို ထူးဆန်းတဲ့ ကျင့်စဉ်တစ်ခုပါပဲ။ ဝိညာဉ်သလင်းသား သားရဲ အရိုးတွေကို ဗိုက်ထဲမှာ အစာချေဖျက်ရတာ ဆို တော့ တကယ့်ကို ကြောက်စရာကောင်းမှာပဲ" ဟု နားလည်ပေးသည့်ဟန်ဖြင့် ခေါင်းညိတ်ကြ သည်။

ရှီရန်ကလည်း ခေါင်းညိတ်လျက် "ဟုတ်တယ် အဲဒါက တကယ်ကို နာကျင်ရတာ။ ကမာကောင် တစ်ကောင်ရဲ့ ကိုယ်ထဲမှာ သဲပွင့်လေးတစ်ပွင့် ရှိ နေသလိုမျိုးပေါ့..."

ထိုစကားကြောင့် မိန်းကလေးသုံးဦးမှာ ကြော စိမ့်သွားကြရသည်။ အမှန်ပင် ကြီးမြတ်သော

အလုပ်များကို လုပ်ဆောင်နိုင်ရန်အတွက် ထူးချွန်သော ပါရမီရှိရုံသာမက မယိမ်းမယိုင်သော စိတ်ဓာတ်ခိုင်မာမှုလည်း ရှိရမည်ပင်။

တကယ်ကို ကြောက်စရာကောင်းလွန်းတယ်။ တွေးကြည့်ရုံနဲ့တင် ကျောချမ်းစရာကောင်းနေတာ... တကယ်လို့ ငါသာ အဲဒီနေရာမှာ ကိုယ်တိုင်ရှိနေခဲ့ရင် ဘယ်လိုတောင် ဖြစ်သွားမလဲ။

မိန်းကလေးသုံးဦးမှာ ထိတ်လန့်သွားသည်ကို မြင်သောအခါ ရှီရန်က စကားလမ်းကြောင်းကို အမြန်ပြောင်းလိုက်သည်။

"ကဲ... မင်းတို့တွေ အကြိုက်ဆုံး အစားအစာတွေအကြောင်းပဲ ဆက်ပြောကြရအောင်။ ငါကတော့ အစားမရွေးပါဘူး။ အရိုးတွေကိုတောင် အစာချေဖျက်နိုင်မှတော့ ဘာကိုမှ ငြင်းဆန်နေစရာ မလိုတော့ဘူးလေ။ ငါ့အမြင်မှာတော့

အားလုံးက အာဟာရတွေချည်းပါပဲ"

ကျူးယွီဟန်က တိုးညင်းသော အသံလေးဖြင့် "ငါကတော့... ဆီးသီးနဲ့ တောစတော်ဘယ်ရီလို မျိုး ချဉ်ချဉ်ပြုံးပြုံး အသီးတွေကို ကြိုက်တယ်" ဟု ပြောလိုက်သည်။

ကျားမလေးမှာ ထိုစကားကို ကြားသည်နှင့် ချဉ် ခြင်းတက်သွားသည့်အလား သူမ၏ ပါးပြင်လေး များကို ချက်ချင်း လက်ဖြင့် အုပ်လိုက်မိသည်။

ကွမ်းရှင်းနှင့် အခြားသူများမှာလည်း ထို အချဉ်ဓာတ်ကို တွေးမိရုံနှင့်ပင် သွားရည် တမြားမြား ကျလာကြတော့သည်။ ယေဘုယျ အားဖြင့် မိန်းကလေးများသည် ချိုမြိန်သော အစားအစာများကို ပိုမိုနှစ်သက်ကြသည်။ အချို ဓာတ်က စိတ်ကျေနပ်မှုနှင့် ပျော်ရွှင်မှုကို ပေး စွမ်းနိုင်သောကြောင့်ပင်။

အချဉ်ကြိုက်သော မိန်းကလေးမှာ အမှန်

တကယ်ပင် ရှားပါးလှသည်။

လူတို့အတွက် အစားအသောက်မှာ နတ်ဘုရားကဲ့သို့ အရေးပါလှသည်ဖြစ်ရာ အစားအသောက်အကြောင်းမှာ စကားဝိုင်းကို လျင်မြန်စွာ စည်ကားသွားစေတော့သည်။

ကွမ်းရှင်း: "ငါကတော့ ဖရဲသီးစားရတာ ကြိုက်တယ် အကြီးကြီးနဲ့ ချိုနေတဲ့ ဖရဲသီးမျိုးပေါ့"

ကျားမလေး၏ မျက်လုံးများမှာ ဝင်းလက်သွားပြီး "ငါလည်း ဖရဲသီး အရမ်းကြိုက်တာပဲ"

နင်ရွှေ: "ငါကတော့ ဒူးရင်းသီး ကြိုက်တယ်..."

ကျားမလေးက လက်ကို ချက်ချင်းမြှောက်ကာ "ဒူးရင်းသီးလည်း ငါအကြိုက်ဆုံးပဲ"

အားလုံးကတော့ "......"

မင်းကတော့ အကုန်လုံးကို ကြိုက်နေတာပဲလား...

ထန်ချီချီမှာလည်း မပြုံးဘဲ မနေနိုင်တော့ချေ။

"ငါကတော့ ပဲပြားနို့ခဲ စားရတာကို ဝါသနာပါတယ်"

ကျားမလေးက စိတ်ဝင်တစားဖြင့် မေးလိုက်ပြန်သည်။

"နင်က ပဲပြားနို့ခဲကို အချိုစားရတာ ကြိုက်တာလား အငန်စားရတာ ကြိုက်တာလား"

ထန်ချီချီက အလွန်တည်ကြည်သော မျက်နှာထားဖြင့် "သေချာပေါက် အချိုပဲပေ့ါ" ဟု ဖြေလိုက်၏။

ကျားမလေးက သဘောကျစွာ ပြုံးရယ်ရင်း "ငါလည်း အချိုပဲ ကြိုက်တာ။ ငါတို့တွေ လက်ဆွဲနှုတ်ဆက်ရအောင်"

မင်ခရိုင်မှ လာသော နင်ရွှေကလည်း "ပဲပြားနို့ခဲ အချိုကသာ အကောင်းဆုံးပဲ" ဟု ထောက်ခံလိုက်သည်။

မိန်းကလေး သုံးဦးမှာ တူညီသော အမြင်တစ်ခု

ကို ရရှိသွားကြပြီး လက်ကလေးများကို မြဲမြဲစွာ ဆုပ်ကိုင်ထားရင်း တစ်ဦးနှင့်တစ်ဦး ပိုမိုရင်းနှီးသွားကြတော့သည်။

ရှန်းခရိုင်မှ လာသော ကွမ်းရှင်း တစ်ယောက်သာ ဝေခွဲမရဖြစ်နေရှာ၏။

ပဲပြားနို့ခဲကို အချိုစားတာက မိစ္ဆာဝါဒ မဟုတ်ဘူးလား။

သို့သော်လည်း အခြားတစ်ဖက်တွင် မဲနှစ်မဲ ပိုများနေသည်ကို တွေးမိသောကြောင့် သူမ ဘာမှ မပြောဘဲ နေလိုက်သည်။ နောင်ကျမှ ပဲပြားနို့ခဲ အငန်အရသာကို မြည်းစမ်းကြည့်ခိုင်းပြီး သူတို့၏ မိစ္ဆာအရသာကို ပြုပြင်ပေးမည်ဟုသာ စိတ်ထဲက ကြုံးဝါးလိုက်သည်။

ရှီရန်၏ မျက်ဝန်းများမှာ တောက်ပလာပြီး "ကဲ... သွားကြစို့ နေ့လယ်စာ အတူတူစားရအောင်။ မင်းတို့အားလုံး ညနေပိုင်း အတန်း

တွေရှိသေးတယ်ဆိုတော့ အချိန်မဖြုန်းသင့်ဘူး" ဟု ပြောလိုက်သည်။

အားလုံးကတော့ "......"

အသင်းခေါင်းဆောင် စကားပြောလိုက်လျှင် မည်သည့်အတွက်ကြောင့်မှန်းမသိဘဲ အလွန်အမင်း အရေးကြီးပြီး ပြတ်သားနေသည့် ခံစားချက်မျိုး ပေးစွမ်းနေသည်။

တကယ့်ကို ထူးဆန်းလှ၏...

အဖွဲ့ဝင်အသစ် သုံးဦးမှာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြပြီး အားတက်သရော ခေါင်းညိတ လိုက်ကြသည်။

"ကောင်းပါပြီ"

သို့ဖြစ်ရာ သူတို့သည် အနည်းငယ် စိုးရိမ်စိတ်၊ ဆန်းသစ်မှု၊ စိတ်လှုပ်ရှားမှုနှင့် တက်ကြွမှုတို့ဖြင့် ရှိရန်၏ နောက်သို့ လိုက်ပါကာ ထမင်းစား ဆောင်သို့ ထွက်လာခဲ့ကြသည်။

ထမင်းစားဆောင်အတွင်းရှိ စူပါပါရမီရှင်အားလုံးမှာလည်း လှည့်ကြည့်လာကြတော့သည်။ သူတို့သည် တစ်ခုခုကို ရိပ်မိသွားကြသည့်အလား အားကျခြင်းနှင့် အံ့ဩခြင်းများ ရောပြွမ်းနေသည့် အကြည့်များဖြင့် ငေးကြည့်နေကြသည်။

နေ့လယ်စာ စားပြီးနောက် သူတို့သည် သူတို့၏ အဆောင်များဆီသို့ အသီးသီး ပြန်သွားကြတော့သည်။

ထိုမိန်းကလေး သုံးဦး၏ ကျောင်းအုပ်ကြီးများက ချက်ချင်းပင် သူတို့ထံသို့ အပြေးအလွှား ရောက်ရှိလာကြတော့သည်။

...

ကွမ်တုံပြည်နယ်ကျောင်းအုပ်ကြီး၏ မျက်လုံးများမှာ ဝင်းလက်နေပြီး "မင်း ရွှီရန်ရဲ့ နတ်ဘုရားသတ်တပ်ဖွဲ့ထဲကို ဝင်ခဲ့တာလား" ဟု

မေးမြန်းလိုက်သည်။

ထန်ချီချီက ဂုဏ်ယူဝင့်ကြွစွာဖြင့် ရယ်မောရင်း "ဟုတ်" ဟု ဖြေကြားခဲ့၏။

ကွမ်တုံကျောင်းအုပ်ကြီးမှာ အတိုင်းထက်အလွန် ဝမ်းသာသွားပြီး "ကောင်းတယ်... ကောင်းတယ်... တကယ့်ကို ထူးချွန်တယ်" ဟု ထပ်တလဲလဲ ချီးကျူးတော့သည်။

...

မင်ခရိုင်ကျောင်းအုပ်ကြီးကလည်း "မင်း ရှီရန်တို့နဲ့အတူ ထမင်းစားဆောင်ကို သွားတယ်လို့ ကြားတယ်။ သူ့ရဲ့ နတ်ဘုရားသတ်တပ်ဖွဲ့ထဲကို ဝင်လိုက်ပြီလား" ဟု မေးသည်။

နင်ရွှေက ခပ်ဖွဖွလေး ပြုံးလိုက်သော်လည်း သူမ စကားမပြောရသေးခင်မှာပင် မင်ခရိုင်ကျောင်းအုပ်ကြီးက လက်ခုပ်တီး၍ ကြိုဆိုနေပြီဖြစ်သည်။

"တကယ့်ကို ထူးချွန်တဲ့ ဆုံးဖြတ်ချက်ပဲ အဲဒီ ကောင်လေးက အံ့ဩစရာကောင်းလောက် အောင် သန်မာတာ။ ငါ စာသင်လာတဲ့ နှစ်ပေါင်း တစ်ရာအတွင်းမှာ ဒီလောက်အထိ ဘက်စုံတော် ပြီး အနိုင်းမဲ့တဲ့ စူပါပါရမီရှင်မျိုးကို ပထမဆုံး အကြိမ် တွေ့ဖူးတာပဲ"

"သူ့မှာ အဆောင်တံဆိပ်တွေရှိသလို ခန္ဓာကိုယ် ကြံ့ခိုင်မှုကို မြှင့်တင်ပေးနိုင်တဲ့ နည်းလမ်းတွေ လည်း ရှိတယ်။ မင်းရဲ့ အနာဂတ်စွမ်းရည်တွေက သူ့အဖွဲ့ထဲဝင်မှပဲ အပြည့်အဝ ပွင့်လန်းလာနိုင် မှာ။ သူ့ရဲ့ နတ်ဘုရားသတ်တပ်ဖွဲ့ထဲကို မင်းဝင် လိုက်ပြီဆိုတော့ ငါလည်း လုံးဝစိတ်အေးသွားပြီ ငါ့တပည့်လေး"

"အသင်းဖော်တွေနဲ့ ပဋိပက္ခမဖြစ်စေနဲ့ သဘောထားကြီးကြီးထားပါ။ ရှီရန်ပြောတာကို ပိုပြီး နားထောင်ပေးနော်"

"ဒါပေမဲ့ တစ်ခုတော့ ရှိတယ်… အဲဒီကောင်လေးရဲ့ တစ်ခုတည်းသော အားနည်းချက်က ကျင့်ကြံတဲ့အခါ အရမ်း ပြင်းထန်လွန်းတာပဲ။ အကယ်၍ မင်းရဲ့ ခန္ဓာကိုယ်က မလိုက်နိုင်တော့ဘူးဆိုရင် အမှန်အတိုင်း ပွင့်ပွင့်လင်းလင်း ပြောပြလိုက်နော် နားလည်လား ကိုယ့်ကိုယ်ကိုယ် အတင်းအကျပ်ကြီး မလုပ်ပါနဲ့။ အဲဒီလို ပါရမီရှင်မျိုးက လူထူးလူဆန်းတစ်ယောက်ပဲဆိုတာကို မှတ်ထားပါဦး"

နင်ရွှေက အလေးအနက် ခေါင်းညိတ်ပြလိုက်သည်။

…

ထိုကဲ့သို့သော စကားဝိုင်းမျိုးပင် ကွမ်းရှင်းနှင့် ရှန်းခရိုင်ကျောင်းအုပ်ကြီးတို့ကြားတွင် ဖြစ်ပေါ်ခဲ့သည်။

"ကျောင်းအုပ်ကြီး… ကျွန်မ ရှီရန်ရဲ့ နတ်ဘုရား

သတ်တပ်ဖွဲ့ထဲကို ဝင်လိုက်ပါပြီ"

ရှန်းခရိုင်ကျောင်းအုပ်ကြီးက အားရပါးရ ရယ်မောရင်း "ဂုဏ်ယူပါတယ်... ဂုဏ်ယူပါတယ် နတ်ဘုရားသတ်တပ်ဖွဲ့ဝင်တွေက ရှီရှန်၊ ကျန်း လျိုလီ၊ ကျူးယွီဟာန်၊ ထန်ချီချီ၊ နင်ရွှေနဲ့ မင်းတို့ ပေါ့ ဟုတ်လား"

ကျောင်းအုပ်ကြီး၏ စိတ်ထဲတွင် အဖွဲ့ဝင်တစ်ဦး ချင်းစီ၏ ပုံရိပ်များကို ဖော်ထုတ်ကြည့်နေ မိသည်။

ရှီရှန် ပခုံးကျယ်ကျယ်၊ ခါးသေးသေး၊ ထက်မြက်သော ရုပ်ရည်နှင့် အေးစက်သော အကြည့်တို့ကို ပိုင်ဆိုင်ထားသည့် လူငယ် အရှင်သခင်ဖြစ်သူ ဘက်စုံအနိုင်းမဲ့သူ။

ကျန်းလျိုလီမှာ ဆံပင်နက်နှင့် ရွှေရောင် မျက်ဝန်းများကို ပိုင်ဆိုင်ထားပြီး တက်ကြွ ဖျတ်လတ်သော မိန်းကလေး၊ ကောင်းကင်ဘုံ

ပြစ်ဒဏ်ပေးသူတို့၏ ဘုရင်မ၊ အံ့ဖွယ်စွမ်းအားရှိသော ရွှေရောင်မျှော်စင်ကလေးကို ပိုင်ဆိုင်ထားသူ။

ကျူးယွှိဟန်ကမူ ဆံပင်ဖြူ၊ မျက်ခုံးဖြူနှင့် နူးညံ့သိမ်မွေ့သော မိန်းကလေး၊ စကားနည်းသော်လည်း အချိန်ဟင်းလင်းပြင်ကို ပိုင်ဆိုင်ထားသူ။

ထန်ချီချီသည် ကွမ်တုံပြည်နယ်မှ လာသူဖြစ်ပြီး နေ့စဉ်ဘဝတွင် အနည်းငယ် ဖရော်ဖရဲနိုင်သော်လည်း တိုက်ပွဲတွင်မူ နတ်ဘုရားအဆင့်ရှိသော ဒိုင်းလွှားစွမ်းအားကို ပြသနိုင်သူ။

နင်ရွှေက မင်ခရိုင်မှ လာသူဖြစ်ပြီး ဆံပင်တိုတို၊ မျက်ခုံးထူထူနှင့် အေးစက်သော ပင်ကိုယ်စရိုက်ရှိသည့် မိန်းကလေး။ သူမ၏ ကျောင်းအုပ်ကြီးအဆိုအရ ဤမိန်းကလေးမှာ အလွန်ပင် ဆန်းကြယ်ကာ နက်ရှိုင်းသူပင်။

***